**ဖက်စပ်နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှုဖြင့် Yoma Siloam Hospital Pun Hlaing Limited မှ ပုဂ္ဂလိက ဆေးရုံ လုပ်ငန်းအား ဆောင်ရွက်ခွင့်ပြုပါရန် တင်ပြလာခြင်းကိစ္စ**

| စဉ် | အကြောင်းအရာ | ဆောင်ရွက်သည့် နေ့စွဲ | ပြန်ကြားချက် ရရှိသည့်နေ့စွဲ | မှတ်ချက် |
|---|---|---|---|---|
| ၁ | အဆိုပြုလွှာလက်ခံရရှိခြင်း | ၂၉-၃-၂၀၁၆ | | |
| ၂ | **သဘောထားမှတ်ချက်တောင်းခံခြင်း** | | | |
| | (က) မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့<br>(ပ ကြိမ်)<br>(ဒု ကြိမ်)<br>(တ ကြိမ်) | <br>၇-၄-၂၀၁၆<br>၂၅-၅-၂၀၁၆<br>၁၉-၉-၂၀၁၆ | <br><br><br>၂၀-၁၀ -၂၀၁၆ | ကြာချိန်-၁၉၇ ရက် |
| | (ခ) သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန | ၅-၄-၂၀၁၆ | ၇-၄ -၂၀၁၆ | |
| | (ဂ) အားကစားနှင့် ကျန်းမာရေးဝန်ကြီးဌာန | ၁၄-၆-၂၀၁၆ | ၃၀-၉၂၀၁၆ | |
| ၃ | အဆိုပြုချက်စိစစ်ရေးအဖွဲ့အစည်းအဝေး (၁၄/၂၀၁၆)သို့ တင်ပြခြင် | ၄-၄-၂၀၁၆ | | |
| ၄ | အဆိုပြုချက်စိစစ်ရေးအဖွဲ့အစည်းအဝေး ဆုံးဖြတ်ချက်အကြောင်းကြားခြင်း | ၂၅-၄-၂၀၁၆ | - | |
| ၅ | **မြေအသုံးပြုခွင့်တင်ပြခြင်း**<br>(က) ကော်မရှင်အစည်းအဝေး (၁၃/၂၀၁၆) သို့တင်ပြခြင်း | ၈-၇-၂၀၁၆ | - | |
| | (ခ ) ပြည်ထောင်စုအစိုးရအဖွဲ့ စီးပွားရေးရာ ကော်မတီ အစည်းအဝေး(၈/၂၀၁၆) | ၁-၈-၂၀၁၆ | | |
| | (ဂ) ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေး (၁၀/၂၀၁၆) | ၁၉-၈-၂၀၁၆ | | |
| ၆ | သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန၏ သဘောထား မှတ်ချက်အား ကုမ္ပဏီသို့ အကြောင်းကြားခြင်း | ၂၂-၄-၂၀၁၆ | | |
| ၇ | သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန၏ သဘောထား မှတ်ချက်နှင့်အညီ ပြင်ဆင်တင်ပြခြင်း | ၁၁-၁၀-၂၀၁၆ | | |
| ၈ | **ကုမ္ပဏီမှ ပြန်လည်ပြင်ဆင်တင်ပြခြင်း** | ၇-၁၁-၂၀၁၆ | | |
| ၉ | ကုမ္ပဏီမှ အဆိုပြုလွှာ အစုံ ပေးပို့ခြင်း | | ၇-၁၁-၂၀၁၆ | |
| | စုစုပေါင်းကြာမြင့်ရက် | (၂၂၄) ရက် | | |

ရင်းနှီးမြှုပ်နှံမှုဌာနခွဲ-၄
PAT ၏ ဆွေးနွေးချက်၊ ဆုံးဖြတ်ချက်အပေါ် ဆောင်ရွက်မှု

| စဉ် | လုပ်ငန်း အမည် | အမျိုးအစား | PAT အကြိမ် နေ့စွဲ | ဆွေးနွေးချက်မှ ပြင်ဆင်ရန် လိုအပ်ချက် | ဆောင်ရွက် ပြီးစီးမှု | အလံ အမှတ် |
|---|---|---|---|---|---|---|
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ |
| ၁။ | Yoma Siloam Hospital Pun Hlaing Limited | ပုဂ္ဂလိက ဆေးရုံ လုပ်ငန်း | ၁၄/၂၀၁၆ (၄-၄-၂၀၁၆) | - ဆေးရုံအထပ်အရေအတွက်၊ ကုတင်အရေအတွက်<br>- Waste Water Treatment Plan တင်ပြရန်။ | ပြင်ဆင်ပြီး | က |
| | | | | -မြေငှားစာချုပ်(မူကြမ်း)ပြန်လည် စိစစ်ပေးရန်။ | ပြင်ဆင်ပြီး | ခ |

အကြောင်းအရာ။ **ဖက်စပ်နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှုဖြင့် Yoma Siloam Hospital Pun Hlaing Limited မှ ပုဂ္ဂလိက ဆေးရုံ လုပ်ငန်းအား ဆောင်ရွက်ခွင့်ပြုပါရန် တင်ပြလာခြင်းကိစ္စ**

| | | |
|---|---|---|
| ၁။ | ကုမ္ပဏီအမည်/ကမကထပြုသူ | - Yoma Siloam Hospital Pun Hlaing Limited<br>- ဦးသိန်းဝေ @ Mr, Serge Pun |
| | အဖွဲ့အစည်းပုံသဏ္ဌာန် | - ဖက်စပ်နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှု<br>- First Myanmar Investment Co., Ltd(မြန်မာနိုင်ငံ)၆၀ %<br>- PT.Waluya Graha Loka (အင်ဒိုနီးရှားနိုင်ငံ) ၄၀ % |
| | လုပ်ငန်းအမျိုးအစား | - ပုဂ္ဂလိက ဆေးရုံ လုပ်ငန်း |
| ၂။ | လုပ်ငန်းတည်နေရာ | - အမှတ် (၇၄၀)၊ ၇၃လမ်း၊ ၃၁လမ်းနှင့် ၃၂ လမ်းကြား၊ ရန်မျိုးလုံ ရပ်ကွက်၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး |
| | မြေအကျယ်အဝန်း | - ၀.၁၆၂၄ ဧက (၆၅၇.၂၀ စတုရန်းမီတာ) |
| | မြေပိုင်ရှင် | - Pun Hlaing International Hospital Limited |
| ၃။ | မြေငှားရမ်းခ | - တစ်နှစ် တစ်စတုရန်းမီတာလျှင် US$ ၁၂၅.၃၀ နှုန်း နှစ်စဉ် US$ ၈၂,၃၅၂ |
| | မြေငှားသက်တမ်း | - ၁၂ နှစ် |
| ၄။ | လုပ်ငန်းသက်တမ်း | - ၁၁ နှစ် |
| | တည်ဆောက်ရေးကာလ | - ၁၂လ |
| ၅။ | စုစုပေါင်းမတည်ငွေရင်းပမာဏ | - US$ ၉,၀၃၃,၆၀၆ |

(US$)

| | နိုင်ငံခြား (၄၀%) | မြန်မာ(၆၀%) | စုစုပေါင်း |
|---|---|---|---|
| Initial land & Building rental fees | - | ၉၁,၇၆၅ | ၉၁,၇၆၅ |
| Construction cost | - | ၃,၉၉၀,၁၆၂ | ၃,၉၉၀,၁၆၂ |
| Purchased new equipment (To be Imported) | ၂,၉၅၃,၃၇၇ | ၁,၂၂၈,၅၉၅ | ၄,၁၈၁,၉၇၂ |
| Purchased new equipment | - | ၁၀၉,၆၄၈ | ၁၀၉,၆၄၈ |
| Working capital | ၆၆၀,၀၆၉ | - | ၆၆၀,၀၆၉ |
| | ၃,၆၁၃,၄၄၆ | ၅,၄၂၀,၁၇၀ | ၉,၀၃၃,၆၁၆ |

| | | |
|---|---|---|
| ၆။ | **ဝန်ထမ်းအင်အား** | **၂၅၀ ဦး** |
| | ပြည်တွင်း | ၂၅၀ ဦး (အနိမ့်ဆုံးဝန်ထမ်းလစာမှာ ကျပ် ၁၂၀,၀၀၀ )<br>(အမြင့်ဆုံးဝန်ထမ်းလစာမှာ ကျပ် ၁,၅၀၀,၀၀၀ ) |

| | | |
|---|---|---|
| ၇။ | ကုမ္ပဏီ၏ ဝင်ငွေ (ဆဋ္ဌမနှစ်)<br>ကုမ္ပဏီ၏ အသုံးစရိတ်<br>ကုမ္ပဏီ၏ အသားတင်အမြတ် | - ကျပ် ၁၈,၄၄၉ သန်း<br>- ကျပ် ၁၆,၅၄၂ သန်း<br>- ကျပ် ၁,၉၀၇ သန်း |
| ၈။ | နိုင်ငံတော်မှ ရရှိမည့်အကျိုးအမြတ် (ဆဋ္ဌမနှစ်)<br>ဝင်ငွေခွန်<br>ကုန်သွယ်လုပ်ငန်းခွန် | <br>- ကျပ် ၆၃၆ သန်း<br>- ကျပ် ၂ သန်း |
| ၉။ | အရင်းကြေကာလ | - ၆ နှစ် ၆လ |
| ၁၀။ | အရင်းအနှီးအပေါ်အကျိုးအမြတ် ပြန်ပေါ်နှုန်း (IRR) | - ၁၁ % |
| ၁၁။ | လျှပ်စစ်ဓါတ်အားသုံးစွဲမှု(ဆဋ္ဌမနှစ်)<br>ရေသုံးစွဲမှု (ဆဋ္ဌမနှစ်) | ၁,၅၉၇,၈၉၆ KWh<br>၂၅,၆၆၃ $m^3$ |
| ၁၂။ | ပြည်ပမှ အခွန်အကောက်ကင်းလွတ်ခွင့် တောင်းခံခြင်း<br>equipment (To be Imported) | <br>- US$ ၄,၁၈၁,၉၇၂ တန်ဘိုးရှိ စာရင်းကို ပူးတွဲဖြင့် တင်ပြထားပါသည်။ |
| ၁၃။ | CSR | - ပတ်ဝန်းကျင်နှင့် လူမှုရေးဆိုင်ရာ လုပ်ငန်းများအတွက် နှစ်စဉ် အသားတင်အမြတ်ငွေ၏ ၂ % ကို အသုံးပြုမည်ဟု တင်ပြ ထားပါသည်။ |
| ၁၄။ | မီးဘေးကြိုတင်ကာကွယ်ရေးစီမံချက် | - မီးဘေး ကာကွယ်ရေး အစီအစဉ်တင်ပြထားပါသည်။ |

ပူးတွဲ

**Yoma Siloam Hospital Pun Hlaing Limited**
**Pun Hlaing Siloam Hospital ( Mandalay 73 )**
**Medical Equipments**
**Foreign Purchased ( Imported )**

| Sr | Description | Phase 1 | | | Phase 2 | | | Grand Total | |
|---|---|---|---|---|---|---|---|---|---|
| | | Unit Price USD | Qty | Total Amount USD | Unit Price USD | Qty | Total Amount USD | | |
| **I** | **Imaging department** | | | | | | | | |
| **1** | **Equipment** | | | | | | | | Updated |
| *1.1* | - CT 128 slice | 736,890 | 1 | 736,890 | - | - | - | 736,890 | |
| *1.2* | - Digital X'ray | 170,940 | 1 | 170,940 | - | - | - | 170,940 | |
| *1.3* | - Digital Mammo | 174,450 | 1 | 174,450 | - | - | - | 174,450 | |
| *1.4* | - Ultrasound | 75,652 | 1 | 75,652 | - | - | - | 75,652 | |
| *1.5* | - 1.5 Tesla MRI | 1,288,817 | 1 | 1,288,817 | - | - | - | 1,288,817 | |
| *1.6* | - Workstation for MRI & CT | 86,625 | 1 | 86,625 | - | - | - | 86,625 | |
| *1.7* | - Portable X Ray Machine | 20,000 | 1 | 20,000 | - | - | - | 20,000 | |
| *1.8* | - LED view box | 500 | 3 | 1,500 | - | - | - | 1,500 | |
| | **Subtotal - Imaging** | | | **2,554,874** | | | | **2,554,874** | |
| | **Departments** | | | | | | | | |
| **1** | **Outpatient** | | | | | | | | Updated |
| *1.1* | Equipment | | | | | | | | |
| | - Operating Light, Mobile type | 700 | 4 | 2,800 | - | - | - | 2,800 | |
| | - Vital Sign Monitor | 2,500 | 1 | 2,500 | - | - | - | 2,500 | |
| | - ECG Recorder | 6,000 | 1 | 6,000 | - | - | - | 6,000 | |
| | - Fetal Doppler | 200 | 1 | 200 | - | - | - | 200 | |
| | - Echo Machine | 40,000 | 1 | 40,000 | - | - | - | 40,000 | |
| | - Stress Test | 33,000 | 1 | 33,000 | - | - | - | 33,000 | |
| | - 24 Hr Holter | 14,000 | 1 | 14,000 | - | - | - | 14,000 | |
| *1.2* | Others | | | | | | | | |
| | - Weight Scale | 400 | 1 | 400 | - | - | - | 400 | |
| | - Opthalmoscope | 950 | 2 | 1,900 | - | - | - | 1,900 | |
| | - Spirometer | 5,500 | 1 | 5,500 | - | - | - | 5,500 | |
| | - Forehead Thermometer | 100 | 1 | 100 | - | - | - | 100 | |
| | **Sub Total - OPD** | | | **106,400** | | | **-** | **106,400** | |
| **2** | **Inpatient** | | | | | | | | |
| *2.1* | Equipment | | | | | | | | Updated |
| | - Patient Monitor | 2,305 | 3 | 6,915 | 4,000 | 6 | 24,000 | 30,915 | |
| | - Defibrillator | 6,000 | 1 | 6,000 | 5,000 | 2 | 10,000 | 16,000 | |
| | - Operating Light, Mobile | 700 | 1 | 700 | 700 | 1 | 700 | 1,400 | |
| | - Vital Sign Monitor | 2,500 | 1 | 2,500 | 2,500 | 2 | 5,000 | 7,500 | |
| | - Infusion Pump | 1,300 | 4 | 5,200 | 1,300 | 6 | 7,800 | 13,000 | |
| | - Syringe Pump | 1,350 | 2 | 2,700 | 1,350 | 6 | 8,100 | 10,800 | |
| | - Fetal Monitor | 6,000 | 1 | 6,000 | - | - | - | 6,000 | |
| | - ECG Recorder | 4,085 | 1 | 4,085 | 3,000 | 2 | 6,000 | 10,085 | |
| 2.2 | Others | | | | | | | | |
| | - Forehead Thermometer | 50 | 1 | 50 | 50 | 2 | 100 | 150 | |
| | - Fetal Doppler | 200 | 1 | 200 | 200 | 2 | 400 | 600 | |
| | - Weight scale | 500 | 1 | 500 | 500 | 2 | 1,000 | 1,500 | |
| | **Sub Total - IPD** | | | **34,850** | | | **63,100** | **97,950** | |
| **3** | **Emergency** | | | | | | | | |
| *3.1* | Equipments | | | | | | | | Updated |
| | - Patient Monitor | 7,702 | 1 | 7,702 | 8,740 | 2 | 17,480 | 25,182 | |
| | - Defibrillator | 6,000 | 1 | 6,000 | - | - | - | 6,000 | |
| | - ECG Recorder | 4,085 | 1 | 4,085 | - | - | - | 4,085 | |
| | - Infusion Pump, Terumo | 1,300 | 1 | 1,300 | 1,300 | 1 | 1,300 | 2,600 | |

**Yoma Siloam Hospital Pun Hlaing Limited**
**Pun Hlaing Siloam Hospital ( Mandalay 73 )**
**Medical Equipments**
**Foreign Purchased ( Imported )**

| Sr | Description | Phase 1 | | | Phase 2 | | | Grand Total | |
|---|---|---|---|---|---|---|---|---|---|
| | | Unit Price USD | Qty | Total Amount USD | Unit Price USD | Qty | Total Amount USD | | |
| | - Syringe Pump, Terumo | 1,350 | 1 | 1,350 | 1,350 | 1 | 1,350 | 2,700 | |
| | - Oto-Opthamoscope | 950 | 1 | 950 | - | - | - | 950 | |
| | - Vital Sign Monitor | 2,500 | 1 | 2,500 | 2,500 | 1 | 2,500 | 5,000 | |
| | - Operation Light | 8,000 | 1 | 8,000 | - | - | - | 8,000 | |
| 3.2. | Others | | | | | | | | |
| | - Operating Table, Hydraulic Type | 6,000 | 1 | 6,000 | - | - | - | 6,000 | |
| | - Operation Light, Mobile Type | 700 | 1 | 700 | - | - | - | 700 | |
| | - Forehead Thermometer | 50 | 1 | 50 | - | - | - | 50 | |
| 3.3 | Equipment for Ambulances | | | | | | | | |
| | - Defibrillator with monitor | 11,200 | 2 | 22,400 | - | - | - | 22,400 | |
| | - Central Monitor for ED | 10,215 | 1 | 10,215 | - | - | - | 10,215 | |
| | - Portable Ventilator | 10,000 | 2 | 20,000 | - | - | - | 20,000 | |
| | - Suction Unit | 250 | 2 | 500 | - | - | - | 500 | |
| | **Sub Total - ED** | | | **91,752** | | | **22,630** | **114,382** | |
| **4** | **Intensive Care Unit (ICU)** | | | | | | | | |
| 4.1 | Equipment | | | | | | | | Updated |
| | - Ventilator (Neonate & Adult) | 15,000 | 2 | 30,000 | 30,000 | 2 | 60,000 | 90,000 | |
| | - Patient Monitor | 7,072 | 4 | 28,288 | 7,506 | 7 | 52,544 | 80,832 | |
| | - Defibrillator | 6,000 | 1 | 6,000 | - | - | - | 6,000 | |
| | - Infusion Pump, Terumo | 1,300 | 4 | 5,200 | 1,300 | 6 | 7,800 | 13,000 | |
| | - Syringe Pump, Terumo | 1,350 | 4 | 5,400 | 1,350 | 6 | 8,100 | 13,500 | |
| | - ECG Recorder | 3,000 | 1 | 3,000 | - | - | - | 3,000 | |
| | - Blood gas Analyzer | 10,000 | 1 | 10,000 | - | - | - | 10,000 | |
| | - Central Monitor | - | - | - | 5,125 | 1 | 5,125 | 5,125 | |
| | - Pendant ( Share Version) | - | - | - | 3,530 | 3 | 10,590 | 10,590 | |
| | - Pendant ( Single Version) | - | - | - | 2,888 | 5 | 14,440 | 14,440 | |
| | - Bed Pen Cleaner | - | - | - | 7,000 | 1 | 7,000 | 7,000 | |
| | **Sub Total - ICU** | | | **87,888** | | | **165,599** | **253,487** | |
| **5** | **Operation Theatre** | | | | | | | | |
| 5.1 | Equipment | | | | | | | | |
| | - Operating Light, Ceiling Type | 15,000 | 2 | 30,000 | - | - | - | 30,000 | Updated |
| | - Defibrillator | 5,000 | 1 | 5,000 | - | - | - | 5,000 | |
| | - Anesthestic machine | 38,500 | 2 | 77,000 | - | - | - | 77,000 | |
| | - Aerosept Machine | 4,000 | 1 | 4,000 | - | - | - | 4,000 | |
| | - Endoscopy System including instruments | 50,000 | 1 | 50,000 | - | - | - | 50,000 | |
| | - Upper GI Gastroscope | 35,000 | 1 | 35,000 | - | - | - | 35,000 | |
| | - Lower GI Colonoscope | 42,000 | 1 | 42,000 | - | - | - | 42,000 | |
| | - Tornique System | 3,500 | 1 | 3,500 | - | - | - | 3,500 | |
| | - Diathermy | 10,000 | 2 | 20,000 | - | - | - | 20,000 | |
| | - Major Surgery Set | 50,000 | 1 | 50,000 | - | - | - | 50,000 | |
| | - C-Arm | - | - | - | 75,000 | 1 | 75,000 | 75,000 | |
| 5.2 | Others | | | | | | | | |
| | - Patient Monitor | 8,919 | 4 | 35,677 | - | - | - | 35,677 | |
| | - Operation Table, Electrical Type | 12,000 | 2 | 24,000 | - | - | - | 24,000 | |
| | - Infusion pump | 1,300 | 5 | 6,500 | - | - | - | 6,500 | |
| | - Syringe pump | 1,350 | 2 | 2,700 | - | - | - | 2,700 | |
| | - Pendant (Ceiling Type) | 7,800 | 2 | 15,600 | - | - | - | 15,600 | |
| | - LED View box | 500 | 2 | 1,000 | - | - | - | 1,000 | |
| | **Sub Total - OT** | | | **401,977** | | | **75,000** | **476,977** | |

**Yoma Siloam Hospital Pun Hlaing Limited**
**Pun Hlaing Siloam Hospital ( Mandalay 73 )**
**Medical Equipments**
**Foreign Purchased ( Imported )**

| Sr | | Description | Phase 1 | | | Phase 2 | | | Grand Total | |
|---|---|---|---|---|---|---|---|---|---|---|
| | | | Unit Price USD | Qty | Total Amount USD | Unit Price USD | Qty | Total Amount USD | | |
| **6** | | **Central Sterilization Department (CSD)** | | | | | | | | |
| | *6.1* | Equipment | | | | | | | | Updated |
| | | - Steam Sterilizer | 70,649 | 1 | 70,649 | - | - | - | 70,649 | |
| | | - Sealing Machine | 8,000 | 1 | 8,000 | - | - | - | 8,000 | |
| | | - Dryer | 14,624 | 1 | 14,624 | - | - | - | 14,624 | |
| | | - Washer | 37,076 | 1 | 37,076 | - | - | - | 37,076 | |
| | *6.2* | Others | | | | | | | | |
| | | - Steam sterilizer (Portable) | 3,000 | 1 | 3,000 | - | - | - | 3,000 | |
| | | - Other accessories for CSD solution | 6,510 | 1 | 6,510 | - | - | - | 6,510 | |
| | | **Sub Total - CSD** | | | **139,859** | | | - | **139,859** | |
| **7** | | **Haemodialysis Department** | | | | | | | | |
| | *7.1* | Equipment | | | | | | | | |
| | | - Vital Sign Monitor | - | - | - | 2,500 | 1 | 2,500 | 2,500 | |
| | | - Weight Scale , Chair | - | - | - | 2,400 | 1 | 2,400 | 2,400 | |
| | | - RO system | - | - | - | 20,000 | 1 | 20,000 | 20,000 | |
| | | **Sub Total - Haemodialysis Department** | | | - | | | **24,900** | **24,900** | |
| **8** | | **Laboratory Department** | | | | | | | | |
| | *8.1* | Equipment | | | | | | | | |
| | | - Chemistry Analyzer | 10,000 | 1 | 10,000 | - | - | - | 10,000 | Updated |
| | | - Haematology Analyzer | 27,000 | 1 | 27,000 | - | - | - | 27,000 | |
| | | - Coagulation Analyzer | 3,500 | 1 | 3,500 | - | - | - | 3,500 | |
| | | - Electrolyte Analyzer | 10,000 | 1 | 10,000 | - | - | - | 10,000 | |
| | | - Urine Analyzer | 10,000 | 1 | 10,000 | - | - | - | 10,000 | |
| | | - Microscope | 2,000 | 1 | 2,000 | - | - | - | 2,000 | |
| | | - Tabletop Centrifuge | 2,800 | 1 | 2,800 | - | - | - | 2,800 | |
| | | - Laboratory Refridgerator | 10,000 | 1 | 10,000 | - | - | - | 10,000 | |
| | | - Laboratory Deep Freezer | 6,800 | 1 | 6,800 | - | - | - | 6,800 | |
| | | - Mixer, Orbital Cell Suspension | 380 | 1 | 380 | - | - | - | 380 | |
| | *8.2* | Others | | | | | | | | |
| | | - Autoclave | 1,000 | 1 | 1,000 | - | - | - | 1,000 | |
| | | **Sub Total - Laboratory Department** | | | **83,480** | | | - | **83,480** | |
| **9** | | **LDR Department** | | | | | | | | |
| | *9.1* | Equipment | | | | | | | | |
| | | - Patient Monitor | - | - | - | 2,305 | 3 | 6,915 | 6,915 | |
| | | - Defibrilltor | - | - | - | 6,000 | 1 | 6,000 | 6,000 | |
| | | - Infusion Pump | - | - | - | 1,300 | 1 | 1,300 | 1,300 | |
| | | - Syringe Pump | - | - | - | 1,350 | 1 | 1,350 | 1,350 | |
| | | - Diathermy | - | - | - | 7,000 | 1 | 7,000 | 7,000 | |
| | | - Gynecological Chair | - | - | - | 2,000 | 1 | 2,000 | 2,000 | |
| | | - Operating Light, Single Arm | - | - | - | 8,000 | 1 | 8,000 | 8,000 | |
| | | - Infant Warmer | - | - | - | 2,500 | 1 | 2,500 | 2,500 | |
| | | - Suction Vaccum Extractor | - | - | - | 7,000 | 1 | 7,000 | 7,000 | |
| | | - Baby weight scale | - | - | - | 200 | 1 | 200 | 200 | |
| | | - Fetal Monitor | - | - | - | 6,000 | 1 | 6,000 | 6,000 | |
| | | - Fetal Doppler | - | - | - | 200 | 1 | 200 | 200 | |
| | | - LED View Box | - | - | - | 500 | 1 | 500 | 500 | |
| | | **Sub Total - LDR Department** | | | - | | | **48,965** | **48,965** | |
| **10** | | **Nursery Department** | | | | | | | | |
| | *10.1* | Equipment | | | | | | | | |
| | | - Patient Monitor | - | - | - | 4,000 | 1 | 4,000 | 4,000 | |
| | | - Incubator,Infant | - | - | - | 30,000 | 1 | 30,000 | 30,000 | |

**Yoma Siloam Hospital Pun Hlaing Limited**
**Pun Hlaing Siloam Hospital ( Mandalay 73 )**
**Medical Equipments**
**Foreign Purchased ( Imported )**

| Sr | Description | Phase 1 | | | Phase 2 | | | Grand Total |
|---|---|---|---|---|---|---|---|---|
| | | Unit Price USD | Qty | Total Amount USD | Unit Price USD | Qty | Total Amount USD | |
| | - LED Phototheraphy Unit | - | - | - | 1,600 | 3 | 4,800 | 4,800 |
| | - Baby weight scale | - | - | - | 200 | 1 | 200 | 200 |
| | - Forehead Thermometer | - | - | - | 50 | 1 | 50 | 50 |
| | **Sub Total - Nursery Department** | | | **-** | | | **39,050** | **39,050** |
| | | | | | | | | |
| | **Subtotal - Departments** | | | **946,206** | | | **439,244** | **1,385,450** |
| **III** | **Beds Purchase** | | | | | | | |
| | Patient Bed (Paramount) - Silver Ward | 314 | 6 | 1,882 | 314 | - | - | 1,882 |
| | Patient Bed (Paramount) - Others | 941 | 21 | 19,765 | 941 | 50 | 47,059 | 66,824 |
| | Patient Transfer Bed | 2,353 | 1 | 2,353 | 2,353 | - | - | 2,353 |
| | **Subtotal - Bed Purchase** | | | **24,000** | | | **47,059** | **71,059** |
| | **Furniture and Fixtures** | | | | | | | |
| | Side Table | 51 | 13 | 663 | 51 | 38 | 1,937 | 2,600 |
| | Over Bed Table | 63 | 25 | 1,569 | 63 | 48 | 3,012 | 4,580 |
| | Single Chair | 78 | 10 | 784 | 78 | 33 | 2,588 | 3,373 |
| | **Subtotal - Furniture and Fixtures** | | | **3,016** | | | **7,537** | **10,553** |
| **V** | **Computer System including Server** | | | | | | | |
| | Hospital Information System Software | 160,036 | 1 | 160,036 | | | | 160,036 |
| | **Subtotal - Computer System including Server** | | | **160,036** | | | **-** | **160,036** |
| | | | | | | | | |
| | **Total Amount (USD)** | | | **3,688,132** | | | **493,840** | **4,181,972** |
| | Exchange Rate (1 USD : 1275 Kyat) | | | 1275 | | | | |
| | **Total Amount (Equivalent in Kyat Million)** | | | **4,702** | | | **630** | **5,332** |

**Noted : The Grand Total Amount USD4,181,972.00 are**
**FMI contributed USD1,228,595 and**
**WGL contributed USD2,953,377.**

| | | |
|---|---|---|
| ကုမ္ပဏီအမည် | - | Yoma Siloam Hospital Pun Hlaing Limited |
| အဖွဲ့အစည်းပုံသဏ္ဍာန် | - | ဖက်စပ်နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု<br>First Myanmar Investment Co., Ltd. (မြန်မာ) ၆၀ %<br>PT. Waluya Graha Loka (အင်ဒိုနီးရှား) ၄၀ % |
| လုပ်ငန်းအမျိုးအစား | - | **ပုဂ္ဂလိက ဆေးရုံ လုပ်ငန်း** |
| တည်နေရာ | - | အမှတ် (၇၄၀)၊ ၇၃ လမ်း၊ ၃၀ လမ်း နှင့် ၃၂ လမ်းကြား၊<br>ရန်မျိုးလုံရပ်ကွက်၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး |
| စုစုပေါင်းရင်းနှီးမြှုပ်နှံမှု | - | US$ ၉,၀၃၃,၆၀၆ |
| ဝန်ဆောင်မှုပေးမည့်စနစ် | - | ပြည်တွင်း |
| လုပ်ငန်းသက်တမ်း | - | ၁၁ နှစ် |
| အရင်းကြေကာလ | - | ၆ နှစ်၊ ၆လ |
| IRR | - | ၁၁ % |

အထက်ပါ လုပ်ငန်း ဆောင်ရွက်ခြင်းဖြင့် နိုင်ငံတော်၏ Cost & Benefit ကို အောက်ပါဇယားဖြင့် ပြုစုတင်ပြ အပ်ပါသည် -

| စဉ် | အကြောင်းအရာ | Cost | Benefit |
|---|---|---|---|
| ၁ | နိုင်ငံ့ဝန်ထမ်း၏လစာ | ကျပ် ၃.၀၀ သန်း(တစ်နှစ်) | |
| ၂ | ကုမ္ပဏီမှတ်ပုံတင်ကြေး | | ကျပ် ၁.၁၇ သန်း |
| ၃ | သွင်းကုန်အခွန်ကင်းလွတ်ခွင့် | ကျပ် ၀.၂၁ သန်း | |
| ၄ | ဝင်ငွေခွန် | ကျပ် ၁,၅၁၅.၇၅ သန်း | ကျပ် ၄,၃၇၀.၀၀ သန်း |
| ၅ | ကုန်သွယ်လုပ်ငန်းခွန် | | ကျပ် ၁၂.၀၀ သန်း |
| ၆ | လျှပ်စစ်မီးသုံးစွဲခ | | ကျပ် ၁,၄၂၃.၄၂ သန်း |
| ၇ | လုပ်ခလစာအပေါ်ဝင်ငွေခွန် | | တစ်နှစ်ဝင်ငွေကျပ် သိန်း (၄၈) ကျော်ပါက အခွန်ပေးရမည့်ဝန်ထမ်း (၁၀၈) ဦး |
| ၈ | CSR ( %) | | ကျပ် ၂၆၂.၀၀ သန်း |
| ၉ | အလုပ်အကိုင်အခွင့်အလမ်း | | ပြည်တွင်း ၂၅၀ ဦး |
| | | | ပြည်တွင်းလုပ်သား (၄၇) ဦး အလုပ်အကိုင် ရရှိမည်ဖြစ်၍ ဒေသအလုပ် အကိုင်အခွင့် အလမ်းနှင့် ဒေသ စီးပွားရေး ဖွံ့ဖြိုးတိုး တက်မှုကို အထောက်အကူပြုစေပါသည်။ |
| | **စုစုပေါင်း** | ကျပ် ၁,၅၁၈.၉၆ သန်း | ကျပ် ၆,၀၆၈.၅၉ သန်း |
| | | ၁:၄ | |

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
**မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်**

စာအမှတ်၊ မရက-၅(အ)/န-၀၁၉/၂၀၁၆( ၅၀၉ )
ရက်စွဲ ၂၀၁၆ ခုနှစ်၊ နိုဝင်ဘာလ ၈ ရက်

**မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှု ကော်မရှင်သို့**
**တင်ပြသည့် အမှာစာ**

အကြောင်းအရာ။ **ဖက်စပ်နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှုဖြင့် Yoma Siloam Hospital Pun Hlaing Limited မှ ပုဂ္ဂလိက ဆေးရုံ လုပ်ငန်းအား ဆောင်ရွက်ခွင့်ပြုပါရန် တင်ပြလာခြင်းကိစ္စ**

၁။ First Myanmar Investment Co., Ltd. မှ ၆၀ % နှင့် အင်ဒိုနီးရှားနိုင်ငံ PT. Waluya Graha Loka မှ ၄၀ % ထည့်ဝင်၍ ဖက်စပ် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဖြင့် မြန်မာနိုင်ငံတွင် Yoma Siloam Hospital Pun Hlaing Limited အားတည်ထောင်ပြီး ဦးပိုင်အမှတ် ၄-ခ၊ အမှတ် (၇၄၀)၊ ၇၃ လမ်း၊ ၃၁ လမ်း နှင့် ၃၂ လမ်းကြား၊ ရန်မျိုးလုံရပ်ကွက်၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေး တိုင်းဒေသကြီးရှိမြေ (၀.၁၆၂၄) ဧကပေါ်တွင် ပုဂ္ဂလိက ဆေးရုံ လုပ်ငန်းအား Pun Hlaing Siloam Hospital (Mandalay73)Project အမည်ဖြင့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ဥပဒေနှင့်အညီ ဆောင်ရွက် ခွင့်ပြုပါရန် Yoma Siloam Hospital Pun Hlaing Limited မှ မြန်မာ နိုင်ငံရင်းနှီးမြှုပ်နှံမှု ကော်မရှင်သို့ တင်ပြလာပါသည်။

၂။ အဆိုပြုချက်နှင့်အတူ မြေနှင့်အဆောက်အဦငှားရမ်းခြင်းစာချုပ်(မူကြမ်း)၊ ဖက်စပ်စာချုပ်၊ First Myanmar Investment Co., Ltd. (မြန်မာ) နှင့် အင်ဒိုနီးရှားနိုင်ငံတွင် ဖွဲ့စည်းထားသော PT. Waluya Graha Loka တို့၏ ကုမ္ပဏီ မှတ်ပုံတင်လက်မှတ်များ နှင့် Yoma Siloam Hospital Pun Hlaing Limited ကုမ္ပဏီ မှတ်ပုံတင်လက်မှတ် တို့ကို ပူးတွဲ တင်ပြထားပါသည်။

၃။ အဆိုပြုလုပ်ငန်းဆောင်ရွက်မည့် နေရာတွင် ၆ထပ်အဆောက်အဦအားရှေ့မျက်နှာစာတွင် ရှိပြီး (၇)ထပ်အဆောက်အဦးအား အနောက်ဖက်တွင် တိုးချဲ့ တည်ဆောက်သွားမည် ဖြစ်ပါသည်။ မြေနှင့် အဆောက်အဦ အကျယ်အဝန်းမှာ ၀.၁၆၂၄ ဧက(၆၅၇.၂၁ စတုရန်းမီတာ)အား တစ်နှစ် US$ ၈၂,၃၅၂ နှုန်း တစ်နှစ် တစ်စတုရန်းမီတာလျှင် US$ ၁၂၅.၃၀ နှုန်းဖြင့် (၁၀)နှစ် ငှားရမ်း ဆောင်ရွက်မည် ဖြစ်ပါသည်။

၄။ လုပ်ငန်းသက်တမ်းကာလမှာ (၁၀) နှစ် ဖြစ်ပြီး တည်ဆောက်ရေးကာလမှာ ၁၂ လ ကြာမြင့် မည်ဖြစ်ပါသည်။

၅။ အဆိုပြုလုပ်ငန်း၏ စုစုပေါင်း မတည်ငွေရင်းပမာဏမှာ US$ ၉,၀၃၃,၆၁၆ ဖြစ်ပြီး စက်ကိရိယာ ပစ္စည်းတန်ဖိုး US$ ၄,၁၈၁,၉၇၂ အား ပြည်ပမှ တင်သွင်းမည်ဖြစ်ကြောင်းတင်ပြထားပါသည်။ စုစုပေါင်း ရင်းနှီးမြှုပ်နှံမှုတွင် ထည့်ဝင်မှု အမျိုးအစားများမှာ တစ်ဖက်ပါအတိုင်းဖြစ်ပါသည် -

(US$)

| | နိုင်ငံခြား(၄၀%) | မြန်မာ(၆၀%) | စုစုပေါင်း |
|---|---|---|---|
| Initial land & Building rental fees | - | ၉၁,၇၆၅ | ၉၁,၇၆၅ |
| Construction cost | - | ၃,၉၉၀,၁၆၂ | ၃,၉၉၀,၁၆၂ |
| Equipment (To be Imported) | ၂,၉၅၃,၇၇၇ | ၁,၂၂၈,၅၉၅ | ၄,၁၈၁,၉၇၂ |
| Equipment (Local) | - | ၁၀၉,၆၄၈ | ၁၀၉,၆၄၈ |
| Working capital | ၆၆၀,၀၆၉ | - | ၆၆၀,၀၆၉ |
| **စုစုပေါင်း** | ၃,၆၁၃,၄၄၆ | ၅,၄၂၀,၁၇၀ | ၉,၀၃၃,၆၁၆ |

၆။ လုပ်ငန်းဆောင်ရွက်ရန်အတွက် ပြည်တွင်းဝန်ထမ်း ၂၅၀ ဦးခန့်ထားမည် ဖြစ်ပါသည်။ ပြည်တွင်း အနိမ့်ဆုံးဝန်ထမ်းတစ်ဦး၏ လစာမှာ ကျပ် ၁၂၀,၀၀၀ နှင့် အမြင့်ဆုံးဝန်ထမ်းတစ်ဦး၏ လစာမှာ ကျပ် ၁,၅၀၀,၀၀၀ ဖြစ်ပါသည်။

၇။ အဆိုပြုလုပ်ငန်းမှာ ပုဂ္ဂလိကဆေးရုံလုပ်ငန်း၊ ရောဂါရှာဖွေရေးစင်တာ၊ ဆေးခန်းနှင့် ကျန်းမာရေးဆိုင်ရာ ဝန်ဆောင်မှုလုပ်ငန်းများ ဆောင်ရွက်မည် ဖြစ်ပါသည်။

၈။ အဆိုပြုလုပ်ငန်း ကုတင်(၇၉)ဆံ့ ဆေးရုံ၏ (ဆဌမနှစ်)ဝန်ဆောင်မှုပေးနိုင်မည့် လူနာအရေ အတွက်နှင့် နှုန်းထားများမှာ အောက်ပါအတိုင်းဖြစ်ပါသည် -

(ကျပ်)

| ဝန်ဆောင်မှုပေးမည့်အမျိုးအစား | အရေအတွက် | နှုန်းထား |
|---|---|---|
| Inpatient | ၇,၄၆၁ | ၁,၂၂၅,၀၀၀ |
| Outpatient | ၈၄,၅၀၉ | ၉၅,၀၀၀ |
| Emergency | ၃,၇၀၃ | ၉၈,၀၀၀ |
| Ancillary services | ၄,၇၇၃ | ၃၀,၀၀၀ |

၉။ ဤလုပ်ငန်းကိုဆောင်ရွက်ခြင်းဖြင့် ပုံမှန်နှစ် ၆ နှစ်မြောက်တွင် ရရှိမည့်ကုမ္ပဏီ၏ ဝင်ငွေနှင့် အသုံးစရိတ် ခန့်မှန်းခြေမှာ အောက်ပါအတိုင်း ဖြစ်ပါသည် -

| | | ကျပ် (သန်း) |
|---|---|---|
| (က) | ဝင်ငွေ | ၁၈,၄၄၉ |
| (ခ) | အသုံးစရိတ် | ၁၆,၅၄၂ |
| (ဂ) | အသားတင်အမြတ် | ၁,၉၀၇ |

၁၀။ ဤလုပ်ငန်းကိုဆောင်ရွက်ခြင်းဖြင့် နိုင်ငံတော်မှ ပုံမှန်နှစ် ၆နှစ် မြောက်တွင်ရရှိမည့် အကျိုးအမြတ်ခန့်မှန်းခြေမှာ ဝင်ငွေခွန် ကျပ် ၆၃၆ သန်း နှင့် ကုန်သွယ်လုပ်ငန်းခွန် ကျပ် ၂ သန်း ရရှိမည်ဖြစ်ပါသည်။ အရင်းကြေကာလမှာ ၆ နှစ် နှင့် ၆ လ ဖြစ်ပြီး အရင်းအနှီးအပေါ် အကျိုးအမြတ်ပြန် ပေါ်နှုန်း IRR မှာ ၁၁ % ဖြစ်ပါသည်။ (US$ တစ်ဒေါ်လာလျှင် ၁၂၇၅ ကျပ်နှုန်းဖြင့် တွက်ချက်ထားပါသည်)

၁၁။ အဆိုပြုလုပ်ငန်းနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် အဖွဲ့အစည်းများသို့ သဘောထားတောင်းခံခဲ့ရာ အောက်ပါအတိုင်း ပြန်ကြားလာပါသည် -

(က) **မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့**မှ ရင်းနှီးမြှုပ်နှံမှုပြုလုပ်မည့် မြေနေရာသည် နောင်ပြုလုပ်မည့် (သို့မဟုတ်) လက်ရှိမြို့ပြစီမံကိန်းကို ထိခိုက်ခြင်းမရှိပါကြောင်း၊ မြို့နယ် ဒေသအလုပ်အကိုင် အခွင့်အလမ်း များပိုမိုရရှိနိုင်ပြီး ဒေသစီးပွားရေးဖွံ့ဖြိုး တိုးတက်မှုများအတွက် အထောက်အကူ ဖြစ်ပါကြောင်းနှင့် လုပ်ငန်း ဆောင်ရွက်နိုင်မည့်မြေနေရာ ဖြစ်ပါကြောင်း ပြန်ကြားထားပါသည်။ **နောက်ဆက်တွဲ-က**

(ခ) **သယံဇာတနှင့် သဘာဝ ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးဌာန**မှ အဆိုပြုလုပ်ငန်းများကြောင့် ဖြစ်ပေါ်လာနိုင်သည့် ပတ်ဝန်းကျင်၊ လူမှုရေးနှင့် ကျန်းမာရေးထိခိုက် ပျက်စီးမှုများကို လျော့နည်းစေရန်အတွက် လုပ်ငန်းဆိုင်ရာ အချက်အလက်များကို ပြည့်စုံစွာ ဖော်ပြပြီး လုပ်ငန်းဆောင်ရွက်ရာတွင် ပတ်ဝန်းကျင်ထိခိုက်မှု အနည်းဆုံး ဖြစ်စေမည့် နည်းစနစ်များအား အသုံးပြုရန်နှင့် အဆိုပြုလွှာတွင် ဖော်ပြထားသည့် လူမှုရေး အကျိုး ပြုလုပ်ငန်းများ တာဝန်ခံဆောင်ရွက်မှု (Corporate Social Responsibility - CSR) အတွက် အသားတင်အမြတ်ငွေ၏(၂%)ကို အသုံးပြုခြင်းအပါအဝင် ကတိကဝတ်များအား လိုက်နာ အကောင်အထည်ဖော် ဆောင်ရွက်ရန်၊ အဆိုပြုလုပ်ငန်းများကြောင့် ပတ်ဝန်းကျင်နှင့်လူမှုရေး ထိခိုက်မှုမရှိစေရေး (သို့မဟုတ်) ထိခိုက်မှုအနည်းဆုံး ဖြစ်စေရေးအတွက် ကနဦးပတ်ဝန်းကျင်ဆန်းစစ်ခြင်း (Initial Environmental Examination - IEE) ကိုဆောင်ရွက်ပြီး ပတ်ဝန်းကျင်ထိခိုက်မှု ဆန်းစစ်ခြင်းဆိုင်ရာ လုပ်ထုံး လုပ်နည်းပါ အချက်အလက်များအတိုင်း အစီရင်ခံစာ ရေးသားတင်ပြရန်၊ အထက်ပါ လေ့လာဆန်းစစ်မှုရလဒ်များကိုအခြေခံ၍ ပတ်ဝန်းကျင်နှင့် လူမှုရေးထိခိုက်မှုမဖြစ် ပေါ်စေရေး (သို့မဟုတ်)ထိခိုက်မှု အနည်းဆုံးဖြစ်စေသည့် လုပ်ငန်း ဆောင်ရွက်မည့် အစီအစဉ် စွန့်ပစ်ပစ္စည်း/စွန့်ပစ်အရည် စီမံခန့်ခွဲမှုအစီအစဉ်၊ စောင့်ကြပ်ကြည့်ရှုစစ်ဆေးမည့် အစီအစဉ်၊ ပတ်ဝန်းကျင် ထိခိုက်မှုလျော့ပါးစေရေး ဆောင်ရွက်မည့်လုပ်ငန်းများ အတွက် သုံးစွဲမည့်ရန်ပုံငွေ စသည်တို့ပါဝင်သည့် ပတ်ဝန်းကျင်စီမံခန့်ခွဲမှု အစီအစဉ် (Environmental Management Plan - EMP)အား ပတ်ဝန်းကျင်ထိခိုက်မှု ဆန်းစစ်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းပါ အချက်အလက်များနှင့်အညီ ရေးဆွဲတင်ပြရန်နှင့် စီမံချက်

ပါအတိုင်း အကောင် အထည်ဖော်ဆောင်ရွက်ရန်၊ ပြဋ္ဌာန်း ထားသည့် ပတ်ဝန်းကျင် ထိန်းသိမ်းရေးဥပဒေ၊နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများ၊ ညွှန်ကြားချက်များနှင့်အညီ လိုက်နာဆောင်ရွက်ရန် သဘောထားမှတ်ချက် ပြန်ကြားထားပါသည်။ **(ပတ်ဝန်းကျင် ထိန်းသိမ်းရေးဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများ၊ ညွှန်ကြားချက်များနှင့် အညီ E Guard Environmental Services Co., Ltd. မှ ပြုစု ရေးသားလျှက်ရှိပါကြောင်း တင်ပြထားပါသည်)** **နောက်ဆက်တွဲ-ခ**

(ဂ) **ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ** တည်ဆဲဥပဒေ လုပ်ထုံး လုပ်နည်းများနှင့် အညီ ဆောင်ရွက်ပါက ဝန်ကြီးဌာန၊ ကုသရေးဦးစီး ဌာနအနေဖြင့် ကန့်ကွက်ရန် မရှိပါကြောင်းနှင့် လုပ်ငန်းတည်ထောင် ဖွင့်လှစ်လိုသူအနေဖြင့် ပုဂ္ဂလိက ကျန်းမာရေး လုပ်ငန်းဆိုင်ရာဥပဒေ၊ နည်းဥပဒေများအား လိုက်နာဆောင်ရွက်ရန် လိုအပ်ပါကြောင်း သဘောထားမှတ်ချက်အားပြန်ကြားထားပါသည်။ **နောက်ဆက်တွဲ - ဂ**

၁၂။ ငွေကြေးအထောက်အထားအဖြစ် Yoma Siloam Hospital Pun Hlaing Limited အမည်ဖြင့်(၃၁-၃-၂၀၁၆)ရက်စွဲဖြင့် CBဘဏ်၌ ကျပ် ၂,၈၆၁,၂၄၉.၈၇၊ ကမ္ဘောဇဘဏ် (လှိုင်သာယာ) ဘဏ်ခွဲ၌ ကျပ် ၃,၇၃၃,၈၉၉.၆၀၊ ရိုးမဘဏ် (လှိုင်သာယာ)ဘဏ်ခွဲ၌ ကျပ် ၆၆,၁၇၃,၈၁၂.၀၀ နှင့် (၇-၄-၂၀၁၆)ရက်စွဲဖြင့် ကမ္ဘောဇဘဏ် စမ်းချောင်း၊ (ကျွန်းတော်လမ်း) ဘဏ်ခွဲ ၌ US$ ၈,၄၈၈.၀၂ ရှိကြောင်း တင်ပြထားပါသည်။

၁၃။ မီးဘေးကာကွယ်ရေးအစီအစဉ်၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်သန့်ရှင်းသာယာရေးစီမံချက်၊ လုပ်ငန်းခွင်သာယာရေးနှင့် ဝန်ထမ်းသက်သာချောင်ချိရေးစီမံချက်များ၊ CSR အနေဖြင့် လုပ်ငန်းလည်ပတ်မှုမှရရှိမည်ဟု ခန့်မှန်းထားသည့် အသားတင်အမြတ်ငွေမှ ၂%ကို ပတ်ဝန်းကျင်နှင့် လူမှုရေးဆိုင်ရာ ထိခိုက်မှုလုပ်ငန်းအစီအစဉ်များတွင် ဆောင်ရွက်မည်ဖြစ်ကြောင်း တင်ပြထား ပါသည်။

၁၄။ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ဥပဒေပါ အခွန်ဆိုင်ရာကင်းလွတ်ခွင့်နှင့် သက်သာခွင့်များကိုခံစားခွင့်ပြုပါရန် တင်ပြထားပါသည်။

၁၅။ အဆိုပါလုပ်ငန်းသည် ၂၀၁၆ ခုနှစ် မတ်လ ၂၁ ရက်နေ့တွင် ထုတ်ပြန်သော အမိန့်ကြော်ငြာစာအမှတ် ၂၆/၂၀၁၆ တွင် ကျန်းမာရေးဝန်ကြီးဌာန၏ သဘောထားမှတ်ချက်ဖြင့် နိုင်ငံသားနှင့် ဖက်စပ်စနစ်ဖြင့် ခွင့်ပြုနိုင်သော လုပ်ငန်းအမျိုးအစား ဖြစ်ပါသည်။

၁၆။ အဆိုပြုလုပ်ငန်းအား ၂၀၁၆ ခုနှစ် ဧပြီလ၄ ရက်နေ့တွင် ကျင်းပပြုလုပ်သော အဆိုပြုချက်စိစစ်ရေးအဖွဲ့၏ (၁၄/၂၀၁၆ ) အစည်းအဝေးသို့ တင်ပြခဲ့ပါသည်။

၁၇။ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ဥပဒေအရ အဆိုပြုလုပ်ငန်းအားပုဂ္ဂလိကမြေတွင် ငှားရမ်းဆောင်ရွက်ခွင့်အား၂၀၁၆ခုနှစ် ဩဂုတ်လ၁၉ ရက်နေ့တွင်ကျင်းပသည့် ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေး (၁၀/၂၀၁၆) အစည်း အဝေးသို့ တင်ပြပြီးဖြစ်ပါသည်။

၁၈။ အဆိုပြုလုပ်ငန်းနှင့် ပတ်သက်၍ အောက်ပါအတိုင်းစိစစ်တင်ပြအပ်ပါသည် -

(က) အဆိုပြုလုပ်ငန်းသည် ကျန်းမာရေးဝန်ဆောင်မှု လုပ်ငန်းဖြစ်သောကြောင့် မြန်မာနိုင်ငံတွင်ဤရင်းနှီးမြှုပ်နှံမှုကိုလက်ခံမည်ဆိုပါကအလုပ်အကိုင် အခွင့်အလမ်းရရှိမည့်ဖြစ်သည့်အပြင် ပြည်သူ့ကျန်းမာရေးအတွက် အရည်အသွေးပြည့်ဝစွာဖြင့် ဝန်ဆောင်မှုပေးနိုင်မည် ဖြစ်ကြောင်း သုံးသပ်ရပါသည်။

(ခ) ဆေးကုသရေးများ ပါဝင်သောကြောင့် လုပ်ငန်းလည်ပတ်ချိန်တွင် ခါတ်ခွဲခန်း၊ အခြားသွေးနှင့်ဆက်စပ်သော အခန်းများမှ ထွက်ရှိလာမည့် စွန့်ပစ်ပစ္စည်း၊ စွန့်ပစ် အရည်များအား စနစ်တကျ စွန့်ပစ်ခြင်း မပြုပါက အနံ့ဆိုးများထွက်ရှိနိုင်ခြင်း၊ ရောဂါများပြန့်ပွားကူးစက်နိုင်ခြင်း ပတ်ဝန်းကျင်ထိခိုက်မှု ပြဿနာများ ဖြစ်ပေါ်စေနိုင်၍ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနနှင့် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးဌာန၏ သဘောထား မှတ်ချက်များအတိုင်း တိကျစွာလိုက်နာဆောင်ရွက်ရန် လိုအပ်ပါသည်။

(ဂ) အဆိုပြုလုပ်ငန်းနှင့် စပ်လျဉ်း၍ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်မှ ဖက်စပ်နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှုဖြင့် အောက်ပါ ကျန်းမာရေးဝန်ဆောင်မှုလုပ်ငန်းများ အားခွင့်ပြုမိန့်ထုတ်ပေးခဲ့ပြီး ဖြစ်ပါသည်။

| စဉ် | ကုမ္ပဏီအမည် | ခွင့်ပြုမိန့်အမှတ်/ရက်စွဲ | လုပ်ငန်းအမျိုးအစား | တည်နေရာ | ရင်းနှီးမြှုပ်နှံမှုပုံစံ |
|---|---|---|---|---|---|
| ၁ | Yoma Siloam Hospital Pun Hlaing Co., Ltd | ၉၂၃/၂၀၁၅ (၇-၄-၂၀၁၅) | နိုင်ငံတကာအဆင့်မီ ဆေးရုံနှင့်ရောဂါရှာဖွေစမ်းသပ်ရေးဌာန ပါဝင်သည့်ဆေးဖက် ဆိုင်ရာဝန်ဆောင်မှုလုပ်ငန်း | ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၁၂)၊ မြေကွက်အမှတ် (၄၉)ရှိ ပန်းလှိုင်ဂေါက်ကွင်းမြေ | ဖက်စပ် |
| ၂ | Andaman Alliance Healthcare Limited | ၁၀၄၅/၂၀၁၆ (၂၉-၁-၂၀၁၆) | ပုဂ္ဂလိကဆေးရုံလုပ်ငန်း | ရန်ကုန်တိုင်းဒေသကြီး လမ်းမတော်မြို့နယ်၊ ဗိုလ်ချုပ် အောင်ဆန်းလမ်းနှင့် ပြည်လမ်းထောင့်၊ မြေတိုင်းရပ်ကွက် အမှတ် ၂၀F၊ မြေကွက်အမှတ် ၁၀B၊ | ဖက်စပ် |

**ဆုံးဖြတ်ရန်အချက်**

၁၉။ သို့ဖြစ်ပါ၍ ဖက်စပ်နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှုဖြင့် Yoma Siloam Hospital Pun Hlaing Limited မှ ပုဂ္ဂလိကဆေးရုံ လုပ်ငန်းအား နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ဥပဒေနှင့်အညီ ဆောင်ရွက်ခွင့်ပြုပါရန် တင်ပြလာခြင်းကိစ္စ နှင့်စပ်လျဉ်း၍ ကော်မရှင်မှ ခွင့်ပြုမိန့် ထုတ်ပေးရန် သဘောတူ-မတူ။

ဥက္ကဋ္ဌ(ကိုယ်စား)
(မြသူဇာ၊တွဲဖက်အတွင်းရေးမှူး)

မိတ္တူကို
ရုံးလက်ခံ/မျှော်စာတွဲ

၇

## ကုမ္ပဏီဒါရိုက်တာနှင့်အစုရှင်များ၏နေရပ်လိပ်စာစာရင်း

| စဉ် | ကုမ္ပဏီအမည် | ဒါရိုက်တာ/အစုရှင်များ၏အမည် | ဒါရိုက်တာ/အစုရှင်များ၏ ဆက်သွယ်ရန်လိပ်စာ |
|---|---|---|---|
| ၁။ | First Myanmar Investment Co., Ltd. | (၁) UTheim Wai@Mr.Serge Pun<br>Managing Director<br>Myanmar<br>NRC No;12/ Ma Ga Ta (Naing) 084053 | FMI Center, Level ခ 10&11,No. 380,Bogyoke Aung San Road, Pabedan Township, Yangon, Myanmar. |
| | | (၂) U Tun Tun<br>Director<br>Myanmar<br>NRC No;12/ La Tha Na (Naing) 000136 | No.121,18th Street, Latha Township, Yangon, Myanmar. |
| | | (၃) Dr Ye Moe Myint<br>Director<br>Myanmar<br>NRC No;12/ Ta Ma Na (Naing) 009657 | No. 5(B), No.(132), Tamwe Road, Tamwe Township, Yangon. |
| ၂။ | PT. Waluya Graha Loka | (၁) Mr. Gershu Chandy Paul<br>Director<br>New Zealand<br>PP No. LN 474255 | 2329, Boulevard Palem, Lippo Karawaci, Tangerang 15811, Indonesia. |
| | | (၂) Mr. Farid Harianto<br>Director<br>Indonesia<br>PP No. A 0184340 | Jl, Iskandarsyah I/17, Melawai,Jakarta Selatan, Indonesia. |
| | | (၃) Mr. Hendra Sidin,<br>Director<br>Indonesia<br>PP No. A 8122586 | Jl,Daan Mogot Baru Blok LM-08,Jakarta Barat, Indonesia. |

၁။ ဆက်သွယ်ရမည့်တယ်လီဖုန်းနံပါတ် - ၀၉-၉၇၇၆၈၈၀၅၅၊ ၀၉-၂၅၄၇၇၉၇၇၄
၂။ ဆက်သွယ်ရမည့် လိပ်စာအပြည့်အစုံ -
၃။ ဆက်သွယ်ရမည့်ပုဂ္ဂိုလ်အမည်၊ရာထူး - မဆိုင်းတောင် (အကြံပေး)
၄။ ကုမ္ပဏီအနေဖြင့်ဆောင်ရွက်သည့်လုပ်ငန်းများ - Private Hospital လုပ်ငန်း
၅။ ကုမ္ပဏီမှတ်ပုံတင်အမှတ်/နေ့စွဲ -
၆။ ကုမ္ပဏီမှတ်ပုံတင် သက်တမ်းကုန်ဆုံးသည့်နေ့စွဲ -
၇။ ဘဏ်အမည်နှင့်ဘဏ်စာရင်းအမှတ် -

M4 - 1030
24.10.16

နောက်ဆက်တွဲ(က)

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး**
**မန္တလေးမြို့**

စာအမှတ်၊ ၁ / ၂ - ၂ / ၂ ဦး ဖ (၁၂၄၅ )
ရက် စွဲ ၊ ၂၀၁၆ ခုနှစ်၊ အောက်တိုဘာလ ၂၀ ရက်

သို့
မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်
ရန်ကုန်မြို့

အကြောင်းအရာ။ **သဘောထားမှတ်ချက်ပြန်ကြားခြင်း**

ရည်ညွှန်းချက်။ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ (၁၉.၉.၂၀၁၆)ရက်စွဲပါစာအမှတ်၊ မရက - ၅ (အ) / မ - ၀၁၅ / ၂၀၁၆ (၄၆၁)

၁။ မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ ၇၃ လမ်း၊ ၃၁ × ၃၂ လမ်းကြား၊ ရန်မျိုးလုံရပ်ကွက်၊ မြေဧရိယာ(၀.၁၆၂၄)ဧကတွင် Private Hospital လုပ်ငန်း Pun Hlaing Siloam Hospital (Mandalay 73) Project အား နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေနှင့်အညီ ဆောင်ရွက်ခွင့်ပြုပါရန် First Myanmar Investment Co.Ltd မှ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်သို့ အဆိုပြုတင်ပြလာပါသဖြင့် သဘောထားမှတ်ချက်ပြန်ကြားပေးပါရန် ရည်ညွှန်းပါစာဖြင့် ညှိနှိုင်းလာပါသည်။

၂။ အဆိုပါ ညှိနှိုင်းလာသည့် အချက်(၃)ချက်နှင့်ပတ်သက်၍ အောက်ပါအတိုင်း သဘောထားပေးပါကြောင်း၊ ဒေသခံပြည်သူလူထုအတွက် လူမှုရေး၊ စီးပွားရေး၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းမှုတို့အရ လက်ခံနိုင်ပါကြောင်းနှင့် ကန့်ကွက်ရန်မရှိပါကြောင်း ပြန်ကြားအပ်ပါသည် -

(က) ရင်းနှီးမြှုပ်နှံမှုပြုလုပ်မည့် မြေနေရာသည် နောင်ပြုလုပ်မည့်(သို့မဟုတ်)လက်ရှိမြို့ပြစီမံကိန်းကို ထိခိုက်ခြင်းမရှိပါ ၊

( ခ ) မြို့နယ်ဒေသအလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုရရှိနိုင်ပြီး ဒေသစီးပွားရေးဖွံ့ဖြိုးတိုးတက်မှုများအတွက် အထောက်အကူဖြစ်ပါသည်၊

( ဂ ) လုပ်ငန်းဆောင်ရွက်နိုင်မည့်မြေနေရာဖြစ်ပါသည်။

20/10

ဒေါက်တာဇော်မြင့်မောင်
ဝန်ကြီးချုပ်

မိတ္တူကို
လုံခြုံ့လည်စာတွဲ၊
လက်ခံစာတွဲ။

နောက်ဆက်တွဲ(ခ)

M4-364
8.4.16

ရင်းနှီးမြှုပ်နှံမှုဌာနဆိုင်ရာပူးပေါင်းလုပ်ငန်းအဖွဲ့
ရန်ကုန်မြို့
စာအမှတ်၊၀၁၁/ MIC(OSS) /၀၁( ၁၃၆ / ၁၆ )
ရက် စွဲ၊၂၀၁၆ခုနှစ် ဧပြီ လ ၇ ရက်

သို့

မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်အဖွဲ့

အကြောင်းအရာ။ **Yoma Siloam Hospital Pun Hlaing Limited မှ Private Hospital လုပ်ငန်း Pun Hlaing Siloam Hospital (Mandalay73) Project အား ဆောင်ရွက်ခွင့်ပြုပါရန် တင်ပြလာခြင်းကိစ္စနှင့်ပတ်သက်၍ သဘောထားမှတ်ချက်ပြန်ကြားခြင်း**

ရည် ညွှန်း ချက်။ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ ၅-၄-၂၀၁၆ ရက်စွဲပါစာအမှတ်၊ ရက-၅(အ)/ န-၀၁၉/ ၂၀၁၆(၂၄၇)

၁။ First Myanmar Investment Co, Ltd မှ ၆၀% နှင့်အင်ဒိုနီးရှားနိုင်ငံ P.T Waluya Graha Loka မှ ၄၀% ထည့်ဝင်၍ ဖက်စပ်နိုင်ငံရင်းနှီးမြှုပ်နှံမှုဖြင့် Yoma Siloam Hospital Pun Hlaing Limited အားတည်ထောင်ပြီး အမှတ်(၇၄၀)၊ ၇၃လမ်း၊ ၃၁လမ်းနှင့် ၃၂လမ်းကြား၊ ရန်မျိုးလုံရပ်ကွက်၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးတိုင်းဒေသကြီးရှိ မြေ (၀.၁၆၂၄) ဧကတွင် Private Hospital လုပ်ငန်း Pun Hlaing Siloam Hospital (Mandalay73) Project အား နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေနှင့်အညီ ဆောင်ရွက်ခွင့်ပြုပါရန် တင်ပြလာခြင်းကိစ္စနှင့်ပတ်သက်၍ စိစစ်ပြီး သဘောထားမှတ်ချက်ပြန်ကြားပေးပါရန် ရည်ညွှန်းပါ စာဖြင့် အကြောင်းကြားလာပါသည်။

၂။ ပူးတွဲပေးပို့လာသောအဆိုပြုလွှာတွင် ရင်းနှီးမြှုပ်နှံမှုကာလမှာ (၅၀)နှစ်နှင့် တည်ဆောက်ရေးကာလမှာ(၁)နှစ်ဖြစ်ကြောင်း၊ မီးဘေးကြိုတင်ကာကွယ်ရေးစီမံချက်၊ ဝန်ထမ်းများ သက်သာချောင်ချိရေးများကိုလည်းထားရှိဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ လုပ်ငန်းမှရရှိလာမည့် အသားတင်အမြတ်ငွေ၏ (၂%)အား လူမှုရေးဆိုင်ရာတာဝန်ခံဆောင်ရွက်မှု (Corporate Social Responsibility - CSR)လုပ်ငန်းများတွင် ထည့်ဝင်အသုံးပြုသွားမည်ဖြစ်ကြောင်း ဖော်ပြပါရှိပါသည်။ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်ပတ်သက်၍ ပတ်ဝန်းကျင်လေထု၊

မြေထု၊ ရေထုညစ်ညမ်းမှုမရှိစေရန် ထိန်းသိမ်းကာကွယ်သွားမည်ဖြစ်ကြောင်းနှင့် ရေဆိုးများ အားသန့်စင်ပြီးမှသာလျှင် စွန့်ပစ်သွားမည်ဖြစ်ကြောင်း ဖော်ပြပါရှိပါသည်။

၃။ Yoma Siloam Hospital Pun Hlaing Limited မှ ဆေးရုံတည်ဆောက်ရေးလုပ်ငန်း များဆောင်ရွက်ရာတွင် ထွက်ရှိလာမည့်စွန့်ပစ်အရည်/စွန့်ပစ်ပစ္စည်းများကြောင့် ပတ်ဝန်းကျင် ညစ်ညမ်းခြင်း၊ ဆေးရုံလုပ်ငန်းများဆောင်ရွက်ချိန်တွင်ထွက်ရှိလာမည့် စွန့်ပစ်ဆေးပစ္စည်းများ၊ ဓာတုဗေဒပိုးသတ်ဆေးရည်များ၊ ခွဲစိတ်ပြီးစွန့်ပစ်မည့် လူ့ခန္ဓာကိုယ်အစိတ်အပိုင်းများကြောင့် ပတ်ဝန်းကျင်ညစ်ညမ်းခြင်းနှင့်အနီးပတ်ဝန်းကျင်ရှိပြည်သူလူထုအား အနှောက်အယှက်ဖြစ်စေ ခြင်း၊ စသည့်ပတ်ဝန်းကျင်ဆိုင်ရာထိခိုက်မှုပြဿနာများ ဖြစ်ပေါ်လာနိုင်ပါသည်။

၄။ သို့ဖြစ်ပါ၍ Yoma Siloam Hospital Pun Hlaing Limited မှ Private Hospital လုပ်ငန်း Pun Hlaing Siloam Hospital (Mandalay73) Project အား ဆောင်ရွက်ခွင့်ပြု ပါ ရန် တင်ပြလာခြင်းကိစ္စနှင့်ပတ်သက်၍ အောက်ပါအတိုင်း သဘောထားမှတ်ချက်ပြန်ကြား အပ်ပါသည်-

(က) အဆိုပြုလုပ်ငန်းများကြောင့်ဖြစ်ပေါ်လာနိုင်သည့် ပတ်ဝန်းကျင်၊ လူမှုရေးနှင့် ကျန်းမာရေးထိခိုက်ပျက်စီးမှုများကို လျော့နည်းစေရန်အတွက် လုပ်ငန်းဆိုင်ရာ အချက်အလက်များကို ပြည့်စုံစွာဖော်ပြပြီး လုပ်ငန်းဆောင်ရွက်ရာတွင် ပတ်ဝန်း ကျင်ထိခိုက်မှုအနည်းဆုံးဖြစ်စေမည့်နည်းစနစ်များအား အသုံးပြုရန်နှင့်အဆိုပြု လွှာတွင်ဖော်ပြထားသည့် လူမှုရေးဆိုင်ရာအကျိုးပြုလုပ်ငန်းများတာဝန်ခံဆောင် ရွက်မှု( Corporate Social Responsibility–CSR )အတွက် အသားတင် အမြတ်ငွေ၏(၂%)အား အသုံးပြုခြင်းအပါအဝင် ကတိကဝတ်များအားလိုက်နာ အကောင်အထည်ဖော်ဆောင်ရွက်ရန်။

(ခ) အဆိုပြုလုပ်ငန်းများကြောင့် ပတ်ဝန်းကျင်နှင့်လူမှုရေးထိခိုက်မှုမရှိစေရေး( သို့မ ဟုတ်)ထိခိုက်မှုအနည်းဆုံးဖြစ်စေရေးအတွက် **ကနဦးပတ်ဝန်းကျင်ဆန်းစစ်ခြင်း (Initial Environmental Examination- IEE)**ကိုဆောင်ရွက်ပြီးပတ်ဝန်းကျင် ထိခိုက်မှုဆန်းစစ်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းပါ အချက်အလက်များအတိုင်း အစီရင်ခံစာရေးသားတင်ပြရန်။

(ဂ) အထက်ပါလေ့လာဆန်းစစ်မှုရလဒ်များကို အခြေခံ၍ ပတ်ဝန်းကျင်နှင့်လူမှုရေး ထိခိုက်မှုမဖြစ်ပေါ်စေရေး (သို့မဟုတ်) ထိခိုက်မှုအနည်းဆုံးဖြစ်စေသည့် လုပ်ငန်းဆောင်ရွက်မည့်အစီအစဉ်စွန့်ပစ်ပစ္စည်း/စွန့်ပစ်အရည်စီမံခန့်ခွဲမှုအစီအစဉ်၊ စောင့်ကြပ်ကြည့်ရှု စစ်ဆေးမည့်အစီအစဉ်၊ ပတ်ဝန်းကျင်ထိခိုက်မှုလျော့ပါးစေရေး ဆောင်ရွက်မည့်လုပ်ငန်းများ အတွက်သုံးစွဲမည့်ရန်ပုံငွေ စသည်တို့ပါဝင်သည့် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ် ( Environmental Management Plan – EMP )အား ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းပါ အချက်အလက်များနှင့်အညီ ရေးဆွဲတင်ပြရန်နှင့်စီမံချက်ပါအတိုင်း အကောင်အထည်ဖော်ဆောင်ရွက်ရန်။

(ဃ) ပြဋ္ဌာန်းထားသည့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများ၊ ညွှန်ကြားချက်များနှင့်အညီလိုက်နာဆောင်ရွက်ရန်။

(င) သက်ဆိုင်ရာ တိုင်းဒေသကြီးအစိုးရအဖွဲ့၏ကြီးကြပ်ကွပ်ကဲမှုဖြင့် ဒေသခံပြည်သူများ၏ ဆန္ဒနှင့်သဘောထားများရယူဆောင်ရွက်ရန်။

(ဇော်မိုး)
ဒုတိယညွှန်ကြားရေးမှူး
အဖွဲ့ခေါင်းဆောင်
ရင်းနှီးမြှုပ်နှံမှုဌာနဆိုင်ရာပူးပေါင်းလုပ်ငန်းအဖွဲ့

မိတ္တူကို

ပြည်ထောင်စုဝန်ကြီးရုံး
သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန
ညွှန်ကြားရေးမှူးချုပ်၊ သစ်တောဦးစီးဌာန
ဦးဆောင်ညွှန်ကြားရေးမှူး၊ မြန်မာ့သစ်လုပ်ငန်း
ညွှန်ကြားရေးမှူးချုပ်၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန
ညွှန်ကြားရေးမှူး၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန၊ ရန်ကုန်တိုင်းဒေသကြီး
ရုံးလက်ခံ

M4-535
13.5.16

နောက်ဆက်တွဲ(ဂ)

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

ကျန်းမာရေးဝန်ကြီးဌာန

**ဝန်ကြီးရုံး**

စာအမှတ်၊ ၅မခ(က)၂၀၁၆/(၁၈၂).၁၃၀၆

ရက်စွဲ၊ ၂၀၁၆ ခုနှစ်၊ မေလ( ၉ )ရက်

သို့

မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်

အကြောင်းအရာ။ **သဘောထားမှတ်ချက်ပြန်ကြားခြင်း။**

ရည်ညွှန်းချက် ။ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ (၇-၄-၂၀၁၆)ရက်စွဲပါစာအမှတ်၊ ရက-၅(အ)/န-၀၁၉/၂၀၁၆(၂၆၁)။

P.-11
13.5.16

၁။ အထက်အကြောင်းအရာနှင့်ပတ်သက်၍ First Myanmar Investment Co.,Ltd.မှ (၆၀%) နှင့် အင်ဒိုနီးရှားနိုင်ငံ PT.Waluya Graha Loka မှ (၄၀%)ထည့်ဝင်၍ ဖက်စပ်နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဖြင့် Yoma Siloam Hospital Pun Hlaing Limited အား တည်ထောင်ပြီး မန္တလေးတိုင်းဒေသကြီး၊ ချမ်းအေးသာစံမြို့နယ်၊ ရန်မျိုးလုံရပ်ကွက်၊ (၇၃)လမ်း၊ (၃၁)လမ်းနှင့် (၃၂)လမ်းကြား၊ အမှတ်(၇၄၀)ရှိ မြေ(၁.၁၆၂၄)ဧကတွင် Private Hospital လုပ်ငန်း Pun Hlaing Siloam Hospital (Mandalay 73) Project အား နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေနှင့်အညီ ဆောင်ရွက်ခွင့်ပြုပါရန် တင်ပြခဲ့ပါသဖြင့် အဆိုပြု လုပ်ငန်းနှင့်စပ်လျဉ်း၍ သဘောထားမှတ်ချက်အား ပြန်ကြားပေးပါရန် ရည်ညွှန်းချက်ပါစာဖြင့် အကြောင်း ကြားခဲ့ပါသည်။

၂။ သို့ဖြစ်ပါ၍ တည်ဆဲဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ပါက ကျန်းမာရေးဝန်ကြီး ဌာန၊ ကုသရေးဦးစီးဌာနအနေဖြင့် ကန့်ကွက်ရန်မရှိပါကြောင်းနှင့် လုပ်ငန်းတည်ထောင်ဖွင့်လှစ်လိုသူ အနေဖြင့် ပုဂ္ဂလိကကျန်းမာရေးလုပ်ငန်းဆိုင်ရာဥပဒေ၊ နည်းဥပဒေများအား လိုက်နာဆောင်ရွက်ရန် လို အပ်ပါကြောင်း သဘောထားမှတ်ချက် ညှိနှိုင်းပြန်ကြားအပ်ပါသည်။

ပြည်ထောင်စုဝန်ကြီး(ကိုယ်စား)

(ပါမောက္ခဒေါက်တာသက်ခိုင်ဝင်း၊ အမြဲတမ်းအတွင်းဝန်)

မိတ္တူကို -

ညွှန်ကြားရေးမှူးချုပ်၊ ကုသရေးဦးစီးဌာန